# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## မန္တလေးတိုင်းဒေသကြီးအစိုးရ
## အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၂၀)
### ၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် (၉) ရက်
### (၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၆ ရက်)

၁။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)မှ Coronavirus Disease 2019 (COVID-19) အား ကမ္ဘာ့ကပ်ရောဂါတစ်ခုအဖြစ် သတ်မှတ်ကြေညာခဲ့ပြီးဖြစ်ရာ COVID-19 ကူးစက်ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးတို့အတွက် မန္တလေးတိုင်းဒေသကြီး Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိပါသည်။

၂။ COVID-19 ရောဂါနှင့်ပတ်သက်၍ WHO၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များအရ အသက်ရှုလမ်းကြောင်းမှတစ်ဆင့် ကူးစက်နိုင်သဖြင့် ပြန့်ပွားမှုကို ထိန်းချုပ်နိုင်သည့် အကောင်းဆုံးသောနည်းလမ်းမှာ မိမိအိမ်တွင် နေထိုင်ခြင်းနှင့် တစ်ဦးနှင့်တစ်ဦး ထိတွေ့မှုမရှိရန် လိုအပ်ပါသည်။ မဖြစ်မနေ အပြင်သို့ သွားရောက်သည့်အခါတိုင်း နှာခေါင်းစည်း Mask များ တပ်ဆင်၍ သွားရောက်ရန် လိုအပ်ပါသည်။

၃။ သို့ဖြစ်ပါ၍ မန္တလေးတိုင်းဒေသကြီးအတွင်း ဒေသတစ်ခုတွင်လည်းကောင်း၊ ဒေသတစ်ခုထက်ပို၍လည်းကောင်း၊ COVID-19 ရောဂါကူးစက်ပြန့်ပွားမှုမဖြစ်ပေါ်စေရေးနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား အထောက်အကူဖြစ်စေရန်အတွက် ပြည်သူများအနေဖြင့် (၁၇-၄-၂၀၂၀)ရက်နေ့မှစ၍ အမိန့်တစ်စုံတစ်ရာ ထပ်မံထုတ်ပြန်မှုမရှိမခြင်း နေ့စဉ် အောက်ဖော်ပြပါ စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ကြရန်ဖြစ်ပါသည်-

(က) မည်သူမဆို လုံလောက်သော အကြောင်းပြချက်မရှိဘဲ နေ့စဉ် ည(၉)နာရီအချိန်မှ နံနက်(၄)နာရီအချိန်အထိ ပြင်ပသို့ လုံးဝ(**လုံးဝ**)ထွက်ခွာခြင်းမပြုရန်၊

(ခ) ကုန်စည်စီးဆင်းမှုအတွက် သွားရောက်နေရသည့် ယာဉ်/လူပုဂ္ဂိုလ်များသည် သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ စိစစ်ခွင့်ပြုချက်ဖြင့် သတ်မှတ်နေရာများ၌ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်သွားရန်၊

(ဂ) ပြည်သူများအနေဖြင့် နေ့ခင်းဘက်တွင်လည်း မဖြစ်မနေ ပြင်ပသို့သွားလာရန် ကိစ္စရှိပါက အိမ်ထောင်စုတစ်စုလျှင် လူ(၁)ဦးတည်းသာထွက်ရန်နှင့် Mask မတပ်ဘဲ အိမ်အပြင်သို့ ထွက်ခွာခြင်း လုံးဝ(**လုံးဝ**)မပြုလုပ်ရန်၊

(ဃ) ဈေးအသီးသီးရှိ ဈေးရောင်း၊ ဈေးဝယ်၊ ဈေးလုပ်သားများနှင့် ပြည်သူများအားလုံး Mask များ တပ်ဆင်ပြီးမှသာ ဈေးရောင်း၊ ဈေးဝယ်ပြုလုပ်ကြရန်၊

၄။ သို့ဖြစ်ပါ၍ အပိုဒ်(၃)ပါ စည်းကမ်းချက်များမှာ အများပြည်သူအကျိုးအတွက် ရည်ရွယ်သတ်မှတ်ခြင်းဖြစ်သဖြင့် တိကျစွာလိုက်နာဆောင်ရွက်ပေးကြရန်နှင့် လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ပါကြောင်း ပြည်သူများသိရှိလိုက်နာဆောင်ရွက်နိုင်ရေးအတွက် ဤအမိန့်ကို ထုတ်ပြန်ကြေညာလိုက်သည်။

(ပုံ)

**ဒေါက်တာဇော်မြင့်မောင်**
**ဝန်ကြီးချုပ်**
**မန္တလေးတိုင်းဒေသကြီးအစိုးရ**